MYANMAR AGRIBUSINESS PUBLIC COMPANY LIMITED



# ANNUAL REPORT 2021-22

www.mapco.com.mm

MAPCO

# Myanmar Agribusiness Public Company Limited

Annual Report | **2021-22**

# ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံတင်ပြစာ
## (Directors' Report to Shareholders)

၁။ ၂၀၂၀ ခုနှစ်၊ နှစ်ဆန်းပိုင်းတွင် စတင်ခဲ့သော Covid ကပ်ရောဂါကြောင့် စီးပွားရေးနှေးကွေးကျဆင်းမှု အခြေအနေများ၊ ၂၀၂၁ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော နိုင်ငံရေးမတည်ငြိမ်မှုများ၊ စီးပွားရေး လူမှုရေးဆိုင်ရာ အခက်အခဲများအကြားတွင် MAPCO အား ရှင်သန်ရပ်တည်နိုင်အောင် ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများမှ ကြိုးပမ်းဆောင်ရွက်ခဲ့ရပါသည်။ ၂၀၂၁-၂၀၂၂ ခုနှစ်များတွင် ရင်ဆိုင်ရသော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ၊ ကျန်းမာရေးနှင့် ကူးစက်ရောဂါဆိုင်ရာအန္တရာယ်များ၊ ဘဏ်နှင့်ငွေရေးကြေးရေး ဆိုင်ရာကြပ်တည်းမှုများအကြားတွင် MAPCO အနေဖြင့် တတ်နိုင်သမျှ ကြိုးစားရုန်းကန်ခဲ့ရပြီး၊ လယ်ယာကဏ္ဍအကျိုးနှင့် အစုရှယ်ယာထည့်ဝင်ထားသူများ၏ အကျိုးစီးပွားများ မယုတ်လျော့စေရန်အလို့ငှာ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ခဲ့ရပါသည်။

၂။ MAPCO အနေဖြင့် ဆန်စပါးဝယ်ယူကြိတ်ခွဲ၊ ပြည်ပတင်ပို့သည့်လုပ်ငန်းနှင့် ဓါတ်မြေသြဇာ တင်သွင်းဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ခဲ့ပါသည်။ MAPCO Golden Lace ကျိုက်လတ်ဆန်စက်ရောင်းချမှု၊ AFC အစုရှယ်ယာ ရောင်းချမှုများကို ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့ပြီး၊ ဘဏ်ချေးငွေအချို့ကို ပေးဆပ်ခဲ့ကာ ရောင်းရငွေများကို ဆန်စပါးလုပ်ငန်း၊ ဓါတ်မြေသြဇာတင်သွင်း ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းများတွင် လုပ်ငန်းသုံးလှည့်ပတ်ငွေများအဖြစ် အသုံးပြုလျက်ရှိပြီး၊ ဝင်ငွေနှင့် အကျိုးအမြတ်တိုးပွားရရှိစေရန် စီမံလုပ်ဆောင်လျက်ရှိပါသည်။

၃။ MAPCO ၏ နေပြည်တော်ဆန်စက်၊ လှိုင်သာယာဆန်စက်များကို ပုံမှန်လည်ပတ်လျက်ရှိပြီး ကြိတ်ခွဲထုတ်လုပ်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန် စီစဉ်ထားပါသည်။ တွံတေး၊ မြောင်းမြနှင့် မအူပင်တို့တွင် ခေတ်မီအခြောက်ခံစက်များ၊ ဆန်စပါးကြိတ်ခွဲစက်များတပ်ဆင်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်၏လိုအပ်ချက်နှင့် အားပေးမှုများကြောင့် ကန်ထရိုက်လယ်ယာလုပ်ငန်း၊ ဖွဲနုဆီစက်လုပ်ငန်း၊ စပါးခွံမှ လျှပ်စစ်ဓါတ်အားထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရန် စီစဉ်ကြိုးပမ်းလျက်ရှိပါသည်။

၄။ စပါးခွံမှလျှပ်စစ်ဓါတ်အားထုတ်လုပ်သည့် MMFM ကုမ္ပဏီ၏ အစုရှယ်ယာများကို MAPCO အနေဖြင့် တိုးမြှင့်ဝယ်ယူနိုင်ရေးကိစ္စ၊ မဟာဓါတ်အားလိုင်းကွန်ယက်သို့ လျှပ်စစ်ရောင်းချရေးကိစ္စ၊ သွင်းကုန်အစားထိုးနိုင်ရေးနှင့် စွန့်ပစ်ပစ္စည်းများ၊ သဘာဝအရင်း အမြစ်များမှ သဘာဝမြေသြဇာ(Natural Fertilizer) ထုတ်လုပ်ရေးလုပ်ငန်းကိစ္စများ၊ ဆန်စပါးအပြင် ပဲမျိုးစုံ၊ ပြောင်းနှင့် အခြား လယ်ယာထွက်ကုန်များ ပြည်ပတင်ပို့ရောင်းချနိုင်ရေးကိစ္စများ၊ မွေးမြူရေးအစာ ထုတ်လုပ်ရောင်းချမည့်ကိစ္စများကိုလည်း အစုရှယ်ယာရှင်များ၏ ရေရှည်အကျိုးစီးပွားအတွက် စနစ်တကျ လေ့လာသုံးသပ်၊ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၅။ ဆန်နှင့်လယ်ယာထွက်ကုန်များ ထုတ်ပိုးသည့် PP အိတ်ခွံများ၊ အခြားအိတ်ခွံများ ထုတ်လုပ်သည့် စက်ရုံကို အိန္ဒိယနိုင်ငံမှ မိတ်ဖက် ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်း၍ တွံတေးရှိ MAPCO မြေနေရာတွင် ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။ ဂျပန်နိုင်ငံမှ မိတ်ဖက်ကုမ္ပဏီများနှင့် သီလဝါအကွက်-၂၈ တွင် ဆောင်ရွက်ရန်ရှိသည့် LNG to Power စီမံကိန်းနှင့် စင်္ကာပူနိုင်ငံ၊ တရုတ် နိုင်ငံတို့မှ မိတ်ဖက်အဖွဲ့များနှင့် ဆောင်ရွက်နေသော လှည်းကူးစီမံကိန်း၊ အခြားစီမံကိန်းများသည် လက်ရှိအခြေအနေများ ကြောင့် လတ်တလောအခြေအနေတွင် ခေတ္တရပ်ဆိုင်းထားရသည့် အနေအထားဖြစ်ပါသည်။


၆။ MAPCO အနေဖြင့် စားနပ်ရိက္ခာထုတ်လုပ်သည့် လယ်ယာစီးပွားလုပ်ငန်းများ၊ ကျေးလက်ဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးမွေးမြူရေး အခြေခံစက်မှုကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်သည့် ကုမ္ပဏီအဖွဲ့အစည်းဖြစ်သည့်အတွက် ဆောင်ရွက်ဆဲလုပ်ငန်းများကို တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး၊ ပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုးရေး မူဝါဒများနှင့် လိုက်လျောညီထွေ ရှိသော အလားအလာရှိသည့်လုပ်ငန်းများကို ရွေးချယ်လုပ်ကိုင်ရန် ဒါရိုက်တာအဖွဲ့မှ ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ အခက်အခဲများ၊ အန္တရာယ်များ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော အချိန်ကာလတစ်ခုအတွင်း လယ်ယာကဏ္ဍနှင့် ဆန်စပါး လုပ်ငန်းဖွံ့ဖြိုးရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ နိုင်ငံတကာမှ မိတ်ဖက်များ၊ ဖောက်သည်ဝယ်လက်များနှင့် ပိုမိုရင်းနှီးစွာ ဆက်ဆံမှု ထိန်းသိမ်းထားနိုင်ရေးတို့အတွက် အလေးထား၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး၊ အစုရှယ်ယာရှင်များအပါအဝင် မြန်မာနိုင်ငံသူ နိုင်ငံသားများ အားလုံးမျှော်လင့်နေသည့် ငြိမ်းချမ်းမှု၊ တည်ငြိမ်တိုးတက်မှု၊ သာယာသော အနာဂတ်ကို ဖော်ဆောင်နိုင်မှုတို့ကို အမြန်ဆုံးရောက်ရှိ၊ ရရှိနိုင်စေရန် ဆုမွန်ပြုလျက် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကို နိဂုံးချုပ်အပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက်**

# မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက်(MAPCO) ဒါရိုက်တာအဖွဲ့

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဦးရဲမင်းအောင် | အုပ်ချုပ်မှုဒါရိုက်တာ |
| ၂။ | ဦးအောင်မြင့် | အမှုဆောင်ဒါရိုက်တာ |
| ၃။ | ဦးကျော်ကျော်ဝင်း | အမှုဆောင်ဒါရိုက်တာ |
| ၄။ | ဦးထွန်းလွင် | အမှုဆောင်ဒါရိုက်တာ |
| ၅။ | ဦးမောင်မောင်ကြီး | အမှုဆောင်ဒါရိုက်တာ |
| ၆။ | ဦးဟန်သော်ဇေ | အမှုဆောင်ဒါရိုက်တာ |
| ၇။ | ဒေါ်ခင်မိမိစိုး | အမှုဆောင်ဒါရိုက်တာ |

## ပြောင်းလဲပြင်ဆင်ထားသည့်ဖွဲ့စည်းပုံ



# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် Rice Business Unit (RBU) ဌာန၏ လုပ်ငန်းဆောင်ရွက်မှု

Rice Business Unit (RBU) ဌာနသည် ၂၀၁၂ ခုနှစ်မှစတင်၍ ဆန်၊ ဆန်ကွဲများကို ပြည်ပသို့ တင်ပို့၍ နိုင်ငံခြားဝင်ငွေရှာဖွေပေးနေသော ဌာနကြီးတစ်ခုဖြစ်ပါသည်။ ၂၀၂၀ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံအတွင်းဖြစ်ပေါ်ခဲ့သော Covid 19 ကပ်ရောဂါ Second Wave အခြေအနေများကြောင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များအား အသွားအလာကန့်သတ်ခဲ့ခြင်း၊ ကုန်တင်ကားများ ငှားရမ်းရန် အခက်အခဲရှိခြင်းနှင့် Work from Home အစီအစဉ်များကြောင့် ပြည်ပသို့ ဆန်တင်ပို့နိုင်ခဲ့ခြင်း မရှိခဲ့သော်လည်း ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလမှ စတင်၍ ဆန်၊ ဆန်ကွဲနှင့် ကောက်ညှင်းဆန်များအား တရုတ်နိုင်ငံဈေးကွက်သို့ ပြန်လည်တင်ပို့နိုင်ခဲ့သည့်အပြင် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လမှ စတင်၍ ဆန်မွှေးကိုပါ တရုတ်နိုင်ငံ ဈေးကွက်သို့ တိုးချဲ့တင်ပို့နိုင်ခဲ့ပါသည်။ ထို့အပြင် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လတွင် တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် (၁၀,၀၀၀) အား CIF စနစ်ဖြင့် တင်ပို့ရန်အတွက် စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး ပြည်တွင်းကုမ္ပဏီ(၈)ခုဖြင့် ပူးပေါင်း၍ ပထမအကြိမ် တန်(၃,၀၀၀)အား တင်ပို့ပြီးစီးခဲ့ပါသည်။ ထို့ဆန်ကွဲတန်ချိန် (၁၀,၀၀၀) အား CIF စနစ်ဖြင့် တင်ပို့နိုင်ရန်အတွက် အုပ်ချုပ်မှုဒါရိုက်တာ၏လမ်းညွှန်မှုဖြင့် နိုင်ငံတကာသင်္ဘောကုမ္ပဏီတစ်ခုဖြစ်သည့် MAERSK Line ဖြင့် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လအတွင်းတွင် တွေ့ဆုံဆွေးနွေးမှုများ အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ရာ MAPCO အနေဖြင့် Containers များအား အခက်အခဲမရှိ ရယူနိုင်ခဲ့ပါသည်။


၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလအတွင်း တရုတ်နယ်စပ်မှ ဆန်များ အမြောက်အများ ဝယ်ယူခဲ့သည့်အတွက် ပြည်တွင်းဈေးများ မငြိမ်မသက်ဖြစ်ကာ ဈေးနှုန်းများလွန်စွာ မြင့်တက်ခဲ့ပါသည်။ ထို့အတူ ကွန်တိန်နာများ ရှားပါးမှုကြောင့် Space ရရှိရန် အခက်အခဲများဖြစ်ပေါ်ခဲ့ပြီး Freight Charges များလည်း အဆမတန် မြင့်တက်ခဲ့သည့်အတွက် မလေးရှားနိုင်ငံ BERNAS နှင့် တရုတ်နိုင်ငံသို့ ဆန်နှင့်ဆန်ကွဲများ တင်ပို့ရန် နှောင့်နှေးခဲ့ရပြီး အခက်အခဲများစွာဖြစ်ခဲ့ရပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဖြစ်ပွားခဲ့သော နိုင်ငံရေးအခြေအနေများနှင့် နိုင်ငံခြားငွေလဲနှုန်း မတည်ငြိမ်မှုများသည်လည်း Export လုပ်ငန်းကို များစွာအကျိုးသက်ရောက်မှုရှိခဲ့ပြီး ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်စေခဲ့ပါသည်။ ထိုသို့ ကွန်တိန်နာရှားပါးမှု၊ ပြည်တွင်းဆန်ဈေး မြင့်တက်မှုနှင့် ငွေဈေးမတည်ငြိမ်မှုစသည့် အခြေအနေများတွင် ဒါရိုက်တာအဖွဲ့၏လမ်းညွှန်မှုဖြင့် ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလအတွင်း ဆန်၊ ဆန်ကွဲ၊ ကောက်ညှင်းနှင့် ဆန်မွှေး စုစုပေါင်းတန်ချိန် (၂၈,၂၁၄) ကို တင်ပို့နိုင်ခဲ့ပြီး နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ (၁၁) မီလီယံကျော်ကို ရှာဖွေနိုင်ခဲ့ပါသည်။

၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ(၃၀)ရက်နေ့တွင် ပြုလုပ်ခဲ့သော AGM အစည်းအဝေးတွင် ဆုံးဖြတ်ထားသည့်အတိုင်း ဆန်စပါးလုပ်ငန်းကိုသာမက အခြားဝင်ငွေရရှိနိုင်သော လုပ်ငန်းများဖြစ်သည့် ပြောင်း၊ ပဲ နှင့် ဆီထွက်သီးနှံများကိုပါ မိမိတို့၏ မိတ်ဖက်ဝယ်ယူသူများနှင့် ချိတ်ဆက်၍ ဈေးကွက်ချဲ့ထွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး နေပြည်တော်ဆန်စက်၊ လှိုင်သာယာဆန်စက်များကိုလည်း စက်စွမ်းအားပြည့် လည်ပတ်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။







၂၀၂၀ ခုနှစ်မှ ၂၀၂၂ ခုနှစ်၊ မေလအထိ နှစ်အလိုက် ဆန်ပြည်ပတင်ပို့မှုအခြေပြဇယား





| | 2015-2016 | 2016-2017 | 2017-2018 | 2018-2019 | 2019-2020 | 2020-2021 | 2021-2022 |
|---|---|---|---|---|---|---|---|
| MT | 23400 | 13635 | 14267 | 33653 | 40269 | 28214 | 28828 |
| USD | 8467 | 4514 | 4509 | 10441 | 13784 | 11115 | 10243 |

၂၀၁၂ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ နိုင်ငံအလိုက် ဆန်ပြည်ပတင်ပို့မှုအခြေပြဇယား




၂၀၁၂ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ဆန်အမျိုးအစားအလိုက် ပြည်ပတင်ပို့မှုအခြေပြဇယား



# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် MAPCO လှိုင်သာယာစက်ဆန်၏ လုပ်ငန်းဆောင်ရွက်မှု

MAPCO အနေဖြင့် ဆန်နှင့် ဆန်ထွက်ပစ္စည်းတင်ပို့မှုလုပ်ငန်းကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်နှင့် ပြည်တွင်း/ပြည်ပ ဈေးကွက်သို့ အရည်အသွေးမီ တန်းမြင့်ဆန်များကို ထုတ်ပိုးမှုပုံစံကောင်းကောင်းဖြင့် ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် လှိုင်သာယာစက်မှုဇုံတွင် တစ်နာရီလျှင် (၁၀)တန်ကျ Reprocessing Plant အား ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်နေ့တွင် Soft Opening ပြုလုပ်ခဲ့ပြီး စမ်းသပ်စက်ကြိတ်ခွဲမှုများ ဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ်၊ မေလကုန်အထိ ကုန်ကြမ်းတန်ချိန်စုစုပေါင်း တန် (၁၀,၁၄၃) ကျော်ကို ကြိတ်ခွဲခဲ့ပြီး ထွက်ရှိလာသောကုန်ချောများကို ဥရောပ၊ မလေးရှားနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တရုတ်နိုင်ငံများသို့ ကြိတ်ခွဲတင်ပို့နိုင်ခဲ့ပါသည်။ အဆိုပါ ကြိတ်ခွဲမှုများတွင် ဆန်အမျိုးအစားအသစ်ဖြစ်သည့် ဆန်မွှေး(၁,၁၇၅)တန်အား New Ayeyar Company နှင့် Aung Kyaw Zan Company တို့ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်၍ တရုတ်နိုင်ငံသို့ ကြိတ်ခွဲတင်ပို့နိုင်ခဲ့ပါသည်။





လှိုင်သာယာဆန်စက်တွင် စက်များတပ်ဆင်ထားရှိမှုအခြေအနေ

## COTECNA Inspection Team မှ ဆန်အရည်အသွေးစစ်ဆေးမှုသင်တန်းပေးနေစဉ်





# တရုတ်နိုင်ငံသို့ ကောက်ညှင်းဆန်၊ ဆန်ကွဲနှင့် ဆန်မွှေးတင်ပို့ရောင်းချမှုလုပ်ငန်း

MAPCO အနေဖြင့် ကောက်ညှင်းဆန်နှင့် ဆန်ကွဲများအား ၂၀၂၀ ခုနှစ်၊ ဇွန်လမှ စတင်၍ ၂၀၂၂ ခုနှစ်၊ မေလကုန်အထိ တရုတ်နိုင်ငံသို့ တန်ချိန် (၅,၀၀၀)ကျော် တင်ပို့နိုင်ခဲ့ပြီးနောက် ၂၀၂၁ ခုနှစ်၊ ဇွန်လမှ အောက်တိုဘာလအထိ ဆန်အမျိုးအစားအသစ်အနေဖြင့် ဆန်မွှေးတန်ချိန် (၂,၁၇၅) အား New Ayeyar Company နှင့် Aung Kyaw Zan Company တို့ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်၍ MAPCO လှိုင်သာယာဆန်စက်တွင် ကြိတ်ခွဲပြီး တရုတ်ဈေးကွက်သို့ တိုးချဲ့တင်ပို့နိုင်ခဲ့ပါသည်။




တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သော ဆန်မွှေးနမူနာများ

# တရုတ်နိုင်ငံသို့ တင်ပို့ရန်အတွက် ဆန်မွှေးများ Container Stuffing ပြုလုပ်နေမှုနှင့် MAPCO လှိုင်သာယာစက်ရုံတွင် သိုလှောင်ထားရှိမှု








# MAPCO EMR Department လုပ်ငန်းဆောင်ရွက်မှုအခြေအနေ

EMR Department ကို လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများဆိုင်ရာ အင်ဂျင်နီယာလုပ်ငန်းများ လုပ်ကိုင်သော ဌာနတစ်ခုအဖြစ် ဖွဲ့စည်းထားပါသည်။ MAPCO ၏ဆန်စက်များ၊ သိုလှောင်ရုံများ တည်ဆောက်သည့်နေရာတွင် ကုန်ကျစရိတ်သက်သာစေရန်နှင့် အရည်အသွေး၊ အဆင့်အတန်းမှီဖြစ်စေရန် ရည်ရွယ်ပြီး MAPCO ၏ စီမံကိန်း လုပ်ငန်းများတွင် အကောင်အထည်ဖော်ဆောင်ရွက်ရပြီး စက်တပ်ဆင်ရေးနှင့် ဆန်စက်နှင့်သက်ဆိုင်သော စက်အပိုပစ္စည်းထုတ်လုပ်ခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်းများကို ကျွမ်းကျင်ဝန်ထမ်းများဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။


ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ် IRCP ဝန်းအတွင်း၌ MAPCO ၏ ဆန်စပါးလုပ်ငန်းနှင့် ဒေသခံတောင်သူများ၏ အကျိုးစီးပွားကိုရှေးရှု၍ စပါးနှင့်အခြားသီးနှံအခြောက်ခံစက်ကို တပ်ဆင်လျက်ရှိပါသည်။ အဆိုပါ အခြောက်ခံစက် တပ်ဆင်တည်ဆောက်ခြင်း လုပ်ငန်းများမှာ ပြီးစီးနေပြီဖြစ်ပါသည်။ လျှပ်စစ်မီးရရှိလာပါက စတင်လည်ပတ်အသုံးပြုနိုင်ရန် ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။



တွံတေးတွင် တပ်ဆင်ထားသည့် အခြောက်ခံစက်




စပါးအခြောက်ခံစက် တပ်ဆင်ထားသည့် အဆောက်အဦး



တွံတေးတွင် တပ်ဆင်တည်ဆောက်မည့် Rice Mill ပုံစံ

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ် IRCP ဝန်းအတွင်း၌ MAPCO ၏ ဆန်စပါးလုပ်ငန်း ပိုမိုထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ အခြောက်ခံစက်နှင့်တွဲလျက် 10Ton/Hr Rice Mill တပ်ဆင် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ် စက္ကူစက်ရုံဝန်းအတွင်း၌ MAPCO ၏ ဆန်စပါးလုပ်ငန်းနှင့် ဒေသခံတောင်သူများ၏ အကျိုးစီးပွားကိုရှေးရှု၍ စပါးနှင့်အခြားသီးနှံအခြောက်ခံစက်ကို တပ်ဆင်လျက်ရှိပါသည်။ အဆိုပါ အခြောက်ခံစက် တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်းများမှာ ပြီးစီးနေပြီဖြစ်၍ စပါးအခြောက်ခံခြင်းလုပ်ငန်းများ စတင်လည်ပတ်နိုင်ရန် လျှပ်စစ်မီးကြိုးလိုင်းဆွဲခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။




မအူပင်တွင် တပ်ဆင်ထားသည့် အခြောက်ခံစက်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ် ဂုန်နီစက်ရုံဝန်းအတွင်း၌ MAPCO ၏ ဆန်စပါးလုပ်ငန်းနှင့် ဒေသခံတောင်သူများ၏ အကျိုးစီးပွားကိုရှေးရှု၍ စပါးနှင့်အခြားသီးနှံအခြောက်ခံစက်ကို တပ်ဆင်လျက်ရှိပါသည်။ အဆိုပါ အခြောက်ခံစက် တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်းများမှာ ပြီးစီးနေပြီးဖြစ်၍ MAPCO မှ Contract Farming မှ ရရှိလာသောစပါးများနှင့် ပြင်ပကုန်သည်များထံမှ နဝလီစပါးများ အခြောက်ခံစက် ဝန်ဆောင်ခရယူပြီးဆောင်ရွက်လျက်ရှိပါသည်။




မြောင်းမြတွင် တပ်ဆင်ထားသည့် အခြောက်ခံစက်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ် ဂုန်နီစက်ရုံဝန်းအတွင်း၌ MAPCO ၏ ဆန်စပါးလုပ်ငန်းများ ပိုမိုထုတ်လုပ်နိုင်ရန်နှင့် အလုပ်အကိုင် အခွင့်လမ်းများ ပိုမိုဖော်ဆောင်ပေးနိုင်ရန် ရည်ရွယ်၍ စပါးအခြောက်ခံစက်နှင့်တွဲလျက် 10Ton/Hr Rice Mill တပ်ဆင်တည်ဆောက်နေပါသည်။ ယခုအခါ တပ်ဆင်ခြင်းလုပ်ငန်းများ ပြီးစီး၍ Free Load စမ်းသပ်လည်ပတ်နေပါသည်။ Contract Farming မှရရှိလာသော စပါးများကို ၂၀၂၂ ခုနှစ် ဇွန်လအတွင်း လုံးတီးကြိတ်ခွဲမှုများ စတင်လည်ပတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။




မြောင်းမြတွင် တပ်ဆင်နေသည့် Rice Mill ဆန်စက်

# 12 TON SHINHOW PADDY DRYER (52) စုံနှင့် 30 TON HUNSUNG PADDY DRYER (၁၇) စုံ ကိုရီးယားနိုင်ငံမှ တင်သွင်းရောင်းချပေးခြင်း

12 Ton SHINHOW PADDY DRYER (52) စုံအား အောက်ဖော်ပြပါ ပြည်နယ်နှင့်တိုင်းဒေသကြီး ဆန်စက်ပိုင်ရှင်များနှင့် ဆန်စပါးရောင်းဝယ်သူလုပ်ငန်းရှင်များသို့ရောင်းချပေးပြီးဖြစ်ပါသည်။ After Sale Service များကိုလဲ အပိုပစ္စည်းများရောင်းချပေးပြီး ဆောင်ရွက်လျက်ရှိပါသည်။ Covid -19 ကာလအတွင်းဝန်ထမ်းများ ကွင်းဆင်းသွားရောက်နိုင်ခြင်းမရှိသေးပါ။

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၇ စုံ |
| (၂) ဧရာဝတီတိုင်းဒေသကြီး | ၁၁ စုံ |
| (၃) ပဲခူးတိုင်းဒေသကြီး | ၁၀ စုံ |
| (၄) စစ်ကိုင်းတိုင်းဒေသကြီး | ၁၄ စုံ |
| (၅) မန္တလေးတိုင်းဒေသကြီး | ၃ စုံ |
| (၆) မကွေးတိုင်းဒေသကြီး | ၂ စုံ |
| (၇) ရှမ်းပြည်နယ် | ၁ စုံ |
| (၈) ရခိုင်ပြည်နယ် | ၃ စုံ |
| (၉) ကယားပြည်နယ် | ၁ စုံ |
| | ၅၂ စုံ |




တောင်ကိုရီးယားနိုင်ငံနှင့်ဂျပန်ဖက်စပ်ထုတ်လုပ်သော 30 TON HUNSUNG PADDY DRYER (17) စုံကို တင်သွင်း ရောင်းချပေးခဲ့ပါသည်။ အောက်ဖော်ပြပါ တိုင်းဒေသကြီးများမှ ဆန်စက်ပိုင်ရှင်များမှ ဝယ်ယူတပ်ဆင်သုံးစွဲလျက်ရှိပါသည်။

| | | |
|---|---|---|
| (၁) ဧရာဝတီတိုင်းဒေသကြီး | ကျိုက်လတ်မြို့နယ် | ၁စုံ |
| | ကန်ကြီးထောင့်မြို့နယ် | ၁စုံ |
| | မြောင်းမြမြို့နယ် | ၂စုံ |
| | အိမ်မဲမြို့နယ် | ၁စုံ |
| | မအူပင်မြို့နယ် | ၁စုံ |
| | ဓနုဖြူမြို့နယ် | ၁စုံ |
| (၂) ရန်ကုန်တိုင်းဒေသကြီး | ကွမ်းခြံကုန်းမြို့နယ် | ၁စုံ |
| | တွံတေး | ၁စုံ |
| | ခရမ်းမြို့နယ် | ၁စုံ |
| (၃) နေပြည်တော်တိုင်းဒေသကြီး | လယ်ဝေးမြို့နယ် | ၁စုံ |

စုစုပေါင်း (၁၁)စုံရောင်းချပေးခဲ့ပြီးလက်ကျန် (၆)စုံသာကျန်ရှိနေပါသေး၍လိုအပ်သူများချက်ချင်းဝယ်ယူတပ်ဆင်နိုင်ပါသည်။

မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေး ကဏ္ဍ (Agricultural Sector) နှင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသောစက်မှုလက်မှုလုပ်ငန်းများ (Agri based Industries) နှင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသောစားသောက်ကုန်လုပ်ငန်းများ (Agri-food Industries)၊ လာရောက်ရင်းနှီးမြှုပ်နှံသော FDI Projects များအတွက် တည်ဆောက်ရေးလုပ်ငန်းများတွင် တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်တပ်ဆင်ရေးလုပ်ငန်းများကို Turnkey စနစ်ဖြင့်ဖြစ်စေ၊ Semi Turnkey စနစ်ဖြင့်ဖြစ်စေ ဆောက်လုပ်ရေးဝန်ဆောင်မှုများပေးနိုင်ရန် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ဦးစားပေးဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

# Planning & Project Management Department (PPM)



Planning & Project Management Department ( စီမံကိန်းနှင့် စီမံကိန်း စီမံခန့်ခွဲရေးဌာန ) သည် ကုမ္ပဏီနှင့် အစုရှယ်ယာရှင်များ အကျိုးစီးပွား ဖြစ်ထွန်းစေမည့် စီးပွားရေးလုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိသော စီမံကိန်းလုပ်ငန်းများချမှတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို အုပ်ချုပ်မှုဒါရိုက်တာ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်နေသောဌာနတစ်ခုဖြစ်ပြီး လက်ရှိဆောင်ရွက်လျက်ရှိသော စီမံကိန်းများမှာ -

## တွံတေးစီမံကိန်း ဆောင်ရွက်မှုအခြေအနေ



5 MVA Sub-Station တည်ဆောက်ခြင်းနှင့် တာဝါတိုင် တည်ဆောက်ပြီးစီးမှုအခြေအနေ



စပါး/ အခြားသီးနှံအခြောက်ခံစက်တပ်ဆင်ခြင်းဆောင်ရွက်ပြီးစီးမှု မှတ်တမ်း



စိုက်ပျိုးရေးစက်မှုဇုန်အတွက် မြေသားလမ်းဖောက်လုပ်ရန်အတွက် Survey တိုင်းတာခြင်းနှင့် လမ်းအူကြောင်းဖောက်လုပ်ခြင်း ဆောင်ရွက်နေမှုများ


## ဖွဲ့နယ်ဆီ စက်ရုံ စီမံကိန်း

ဖွဲ့နယ်ဆီ စက်ရုံ စီမံကိန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနထံမှ နှစ်ရှည်ငှားရမ်းထားသော ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ မြောင်းမြစက်ရုံ (MAPCO) နှင့် မအူပင်မြို့နယ်၊ မအူပင်စက်ရုံ (MAPCO) တို့တွင် ဖွဲ့နမှ ဖွဲ့နယ်ဆီကြမ်း ( တစ်ရက်လျှင် ၂၀၀ တန် ) ထုတ်လုပ်သည့် စက်ရုံနှင့် ဖွဲ့နယ်ဆီကြမ်းမှ ဆီချော( တစ်ရက်လျှင် ၅၀ တန်) စက်ရုံတို့အား တည်ဆောက်လည်ပတ်သွားရန်အတွက် အိန္ဒိယနိုင်ငံမှ အတွေ့အကြုံရင့် ကုမ္ပဏီ (၃) ခုနှင့် တရုတ်နိုင်ငံမှ အတွေ့အကြုံရှိ ကုမ္ပဏီ(၂)ခု စုစုပေါင်း ကုမ္ပဏီ(၅)ခုထံမှ ဈေးနှုန်း အဆိုပြုလွှာများ တောင်းခံရရှိပြီးဖြစ်ပါသည်။

ယခုအခါ စီမံကိန်းတွင် တပ်ဆင်မည့် စက်ဒီဇိုင်းအား သက်ဆိုင်ရာ ကုမ္ပဏီများနှင့် ညှိနှိုင်းလျက်ရှိပြီး ဈေးနှုန်းများ စိစစ်ခြင်း၊ နည်းပညာပိုင်းဆိုင်ရာ ကိစ္စများဆွေးနွေးခြင်းတို့ကို ဖွဲ့နယ်ဆီလုပ်ငန်း ကျွမ်းကျင် ပညာရှင်များနှင့် အတူ ဆောင်ရွက်လျက်ရှိပါသည်။

စီမံကိန်းအား ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အမြန်ဆုံး တည်ဆောက်သွားနိုင်ရန် ရည်ရွယ်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ဖွဲ့နယ်ဆီကြမ်း စက်ရုံ တည်မည့် စီမံကိန်းနေရာပြပုံ ( မြောင်းမြ စက်ရုံ - MAPCO )




## သဘာဝမြေသြဇာထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းစီမံကိန်း

ယခုအချိန်တွင် ဓါတုဓါတ်မြေသြဇာဈေးနှုန်းများသည် အဆမတန် မြင့်တက်နေမှုကြောင့် လည်းကောင်း၊ ဓါတုမြေသြဇာများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် မြေဆီလွှာပျက်စီးဆုံးရှုံးမှုများမှ ကာကွယ်နိုင်ရန်အတွက်လည်းကောင်း သဘာဝမြေသြဇာထုတ်လုပ်၍ ဒေသတွင်းရှိ အကျိုးတူကန်ထရိုက်လယ်ယာလုပ်ငန်းဆောင်ရွက်လျက်ရှိသော တောင်သူများထံသို့ သဘာဝမြေသြဇာအား ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဈေးများမှ စွန့်ပစ်အမှိုက်များ၊ သားသတ်ရုံနှင့် ဈေးများရှိ တိရိစ္ဆာန်မှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများဖြစ်သည့် အရိုး၊ အသွေး၊ အမွေး အစရှိသည်များ၊ သစ်ပင်များမှ စွန့်ပစ်ပစ္စည်းများဖြင့် သဘာဝမြေသြဇာပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါလုပ်ငန်းကို ကုမ္ပဏီ၏ စီမံကိန်းတည်ရှိရာ နေရာများဖြစ်သော နေပြည်တော်၊ မြောင်းမြနှင့် မအူပင်တို့တွင် ဓာတ်မြေသြဇာ ကျွမ်းကျင်ပညာရှင်များ၊ စီမံကိန်းအကြံပေးများ ခန့်အပ်၍ ရာသီအချိန်မှီ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ကုမ္ပဏီမှ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

# MAPCO ဝန်ထမ်းများအား Covid 19 ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက် (MAPCO) နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တို့ပူးပေါင်းပြီး (က) Covid 19 ရောဂါ ဖြစ်ပွားမှုနှင့် ရောဂါကြောင့်သေဆုံးမှုကို လျော့ချရန် (ခ) Covid 19 ရောဂါ ကူးစက်ပြန့်ပွားမှုကို တားဆီးရန် (ဂ) Covid 19 ရောဂါဖြစ်ပွားမှုကြောင့် ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် ထိခိုက်မှုကိုလျော့ချနိုင်ရန် ရည်ရွယ်၍ MAPCO ရုံးချုပ်ရှိ ဝန်ထမ်းများအား (၁၃.၁၀.၂၀၂၁) ရက်နေ့တွင် Covid – 19 ကာကွယ်ဆေးထိုးနှံခြင်းအား လမ်းမတော်မြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်း(၁)တွင် ထိုးနှံဆောင်ရွက်ခဲ့ပါသည်။



# ဝန်ထမ်းထောက်ပံ့ကြေးငွေပေးအပ်ခြင်း(Employee Welfare)

၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ဝန်ထမ်းများ၏ လုပ်သက်သတ်မှတ်ချက်အလိုက် သာရေး၊ နာရေးနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။


| စဉ် | ထောက်ပံ့မှုအမျိုးအစား | ဝန်ထမ်းဦးရေ | စုစုပေါင်းထောက်ပံ့ငွေပမာဏ |
|---|---|---|---|
| ၂။ | မီးဖွားခြင်း | ၂ ဦး | ၃၀၀,၀၀၀/- ကျပ် |
| ၃။ | နာရေးကူညီခြင်း | ၉ ဦး | ၂,၁၀၀,၀၀၀/- ကျပ် |
| | စုစုပေါင်း | ၁၀ ဦး | ၂,၄၀၀,၀၀၀/- ကျပ် |

# မြောင်းမြစက်ရုံ (MAPCO) တွင် Covid 19 (တတိယလှိုင်း) ကာကွယ်ထိန်းချုပ်ကုသရေး Center ဖွင့်လှစ်ခြင်း


မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက် (MAPCO)၊ မြောင်းမြစက်ရုံတွင် မြောင်းမြခရိုင်စီမံအုပ်ချုပ်ရေးကောင်စီ၏အစီအစဉ်ဖြင့် Covid – 19 ကာကွယ်ထိန်းချုပ်ကုသရေး စင်တာ အား (၉.၇.၂၀၂၁) ရက်နေ့မှ (၁၃.၁၀.၂၀၂၁) ရက်နေ့အထိ ဖွင့်လှစ်ခဲ့ပြီး ရောဂါကူးစက်ခံရသည့် လူနာများအား ကူညီလက်ခံဆောင်ရွက်ခဲ့ပါသည်။







## Covid 19 (တတိယလှိုင်း) ကာကွယ်ထိန်းချုပ်ကုသရေး ရန်ပုံငွေရှာဖွေရေးအဖွဲ့ (မြောင်းမြမြို့)သို့ လှူဒါန်းခြင်း



ငွေထုတ်ပေးသူ
ငွေလက်ခံသူ
လက်မှတ်
လက်မှတ်

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကုမ္ပဏီလီမိတက် (MAPCO)သည်၊ မြောင်းမြစက်ရုံမှတဆင့် မြောင်းမြမြို့ရှိ Covid – 19 ကာကွယ်ထိန်းချုပ်ကုသရေး ရန်ပုံငွေရှာဖွေရေးအဖွဲ့(မြောင်းမြမြို့)သို့ ငွေကျပ်(၁၀)သိန်းအား (၁.၇.၂၀၂၀) ရက်နေ့တွင် လှူဒါန်းခဲ့ပါသည်။

**Myanmar Agribusiness Public Company Limited**

**Yangon Office**
No.100, Corner of Wardan Street & Kan Nar Street,
Beside the Concrete Express Way,
Wardan Port Area, Lanmadaw Township, Yangon, Myanmar.
Tel: (+95-1) 2301652~53, 2301825~6
Fax: (+95-1) 2301824
Email: admin@mapco-ygn.com
Website: www.mapco.com.mm